# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 4, 2024 — Volume 84, Number 1


၄.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၂ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၂၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၃၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်း စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံ အထူးဇုန် (၁၂)ဇုန် သတ်မှတ်ဆောင်ရွက်နေ



ပြည်တွင်းဆီဖူလုံစေရေးနှင့်ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရန် ဆီထွက်သီးနှံတွေ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အထူးဇုန်တွေအဖြစ် တိုင်းဒေသကြီးနဲ့ပြည်နယ်(၇)ခုမှာ ဇုန်(၁၂)ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာတာနှင့်အတူ ဆီစားသုံးမှုများပြားလာသလို တစ်လလျှင် ဆီတန်ချိန် တစ်သိန်းခန့် စားသုံးလျက်ရှိရာ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာလုံလောက်မှုမရှိသည့်အတွက်ပြည်ပကစားအုန်းဆီတွေကို နှစ်စဉ်တင်သွင်းနေရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်မှာ ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းလျာထားချက်အတွင်း မြေပဲ၊နှမ်း၊နေကြာ စုစုပေါင်းလျာထား ဧက ၇ ဒသမ ၉၅ သန်း၏ ၃၈ ရာခိုင်နှုန်းဖြစ်သည့် ဧက ၃ သန်းလျာထားပြီး မြေပဲသီးနှံတစ်ဧကအထွက်နှုန်း ၁၂ တင်းနဲ့ နေကြာသီးနှံတစ်ဧက အထွက်နှုန်း ၂၅ တင်းရရှိအောင် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

ပြည်တွင်းတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် မြေပဲ၊နှမ်း၊နေကြာများ ထွက်ရှိချိန်တွင် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချကာတင်သွင်းပြီး ပြည်တွင်းဆီထုတ်လုပ်မှု အားကောင်းစေရန် လုပ်ဆောင်သင့်သည်။

သို့မှသာ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများ သင့်တင့်သည့်ဈေးကွက်ဈေးကောင်းရရှိပြီ ပြည်တွင်းဆီစက်များလည်ပတ်နိုင်ကာ စိုက်ပျိုးကွင်းဆက်တစ်ခုလုံးအတွက် အကျိုးများစေမည်ဖြစ်သည်။

မြေပဲဆန်မှာ ပြည်တွင်းဆီအတွက် စားသုံးမှုများသလို ၊နှမ်းဆီကို အနည်းငယ်သာစားသုံးပြီး နှမ်းကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ ဈေးကောင်းရသည့် ပို့ကုန်အမည်တစ်မျိုးဖြစ်သည်။

ပြည်တွင်းဆီစက်များ၏ လည်ပတ်အားကောင်းလာခြင်းသည် ပြည်ပမှဆီတင်သွင်းမှုလျော့နည်းစေကာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်။

ထို့ပြင် ဆီစက်များမှထွက်ရှိသည့် ပဲဖတ်၊နှမ်းဖတ်၊နေကြာဖတ်များမှာလည်း ပြည်တွင်းတိရစ္ဆာန်အစာအတွက် ဖြည့်ပေးနိုင်ကြောင်းသိရသည်။

**Source : မကွေးဂျာနယ်**

## “ မြန်မာ့ထုတ်ကုန်များ ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ရရှိရေးဆွေးနွေးပွဲ ” ကျင်းပပြုလုပ်ခြင်း



မြန်မာနိုင်ငံမှ အသေးစား၊အငယ်စားနှင့် အလတ်စားထုတ်ကုန်များအား ပြည်ပပို့ကုန်အလား အလာရှိသော တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အရည်အသွေးမီထုတ်လုပ်နိုင်ရန်နှင့် ထုတ်လုပ်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများအတွက် လိုအပ်သည့်အရင်းအနှီးနှင့်ငွေကြေးထောက်ပံ့မှုများ ရရှိနိုင်ရေး မြန်မာ့ထုတ်ကုန်များဖွံ့ဖြိုးရေးနှင့် ဈေးကွက်ရရှိရေးတို့ကို ရည်ရွယ်၍ “ မြန်မာ့ထုတ်ကုန်များ ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ရရှိရေးဆွေးနွေးပွဲ ”ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ နံနက် ၁၀ နာရီ အချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ Hybrid System ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ ညွှန်ကြားရေးမှူး၊စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့က တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ Myanmar Product Exchange(MPE) Co.,Ltd မှ တာဝန်ရှိသူများအပါဝင် In Person ဖြင့် တက်ရောက်သူ ၉ ဦး၊ Virtual System ဖြင့် ၃၄ ဦး၊ စုစုပေါင်း ၄၃ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် Myanmar Product Exchange(MPE) Co.,Ltd မှ တာဝန်ရှိသူများက မြန်မာ့ထုတ်ကုန်များဖွံ့ဖြိုးရေးနှင့် ဈေးကွက်ရရှိရေးအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအကြောင်း မိတ်ဆက်တင်ပြခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များအားမေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက နိဂုံးချုပ်စကားပြောကြား၍ နံနက် ၁၁:၄၀ နာရီအချိန်တွင် ဆွေးနွေးပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source : ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**

https://myantrade.gov.mm/article/Nay%20Pyi%20Taw%2031_10_2024

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၈-၁၀-၂၀၂၄ မှ ၂-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၇၅၇,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၄,၁၅၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၂၁၂,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၆၁,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၆၁,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၃၇,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၅ လုံး(တန်ချိန် ၃၇၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀ လုံး(တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄၅ လုံး (တန်ချိန် ၃၄၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရေတတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရေတတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ရေတတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရေတတ်ရှည်အိတ်ပေါင်း ၁၇၀၀(၃၄,၀၀၀ ပိဿာ)နှင့် ရေတတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတတ်ရှည်အိတ်ပေါင်း ၁၁၀၀ ( ၂၂,၀၀၀ ပိဿာ) နှင့် ရေတတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတတ်ရှည်အိတ်ပေါင်း ၆၀၀ (၁၂,၀၀၀ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၁၀,၀၀၀ နှင့် မန်ကျည်းသီးရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၆၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်းကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပခုက္ကူကြမ်း ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၈-၁၀-၂၀၂၄ မှ ၂-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ)ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၄၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၇၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၆၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၂၀၀၊ မြင်းခြံလတ်သန့် ကျပ် ၄၁၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ နှင့် မြင်းခြံသစ်ရှယ် ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၄၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၁ စီး (၄၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၉ စီး (၂၃၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၃,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊အောင်ပန်းထူး-၄ ကျပ် ၅၀၀နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၀၀၀ (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၅၀၀ (၄၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၀၀ (၁၅,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူးကျပ် ၇၀၀၀ ဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း တရုတ်အာလူးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၅ စီး (၁၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်မြို့ရှိ တိရစ္ဆာန်အစားအစာဈေးကွက်

ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသည့် တိရစ္ဆာန်အစားအစာများဖြစ်သော ပဲဖတ်၊ နှမ်းဖတ်၊ ဆန်ကွဲနှင့်ဖွဲနုများမှာ ဈေးနှုန်းများမြင့်တက်လာခဲ့သည်။

အောက်တိုဘာလ တတိယပတ်တွင် ပဲဖတ်တစ်ပိဿာလျှင် ၅၇၅၀ ကျပ်၊ နှမ်းဖတ်တစ်ပိဿာလျှင် ၃၈၀၀ ကျပ်၊ ဆန်ကွဲကြီး

(EX) တစ်အိတ်လျှင် ၆၂,၀၀၀ ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် ၅၃,၀၀၀ ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် ၆၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်ပေါင်လျှင် ၂၇၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်။

ယခင်နှစ်ဖြစ်သော အောက်တိုဘာလအတွင်း ရောင်းချခဲ့သော တိရစ္ဆာန်အစားအစာဈေးမှာ ပဲဖတ်တစ်ပိဿာလျှင် ၂၄၅၀ ကျပ်၊ နှမ်းဖတ်တစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ ဆန်ကွဲကြီး(EX) တစ်အိတ်လျှင် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် ၄၂,၀၀၀ ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် ၄၃,၀၀၀ ကျပ်နှင့် ဖွဲနုတစ်ပေါင်လျှင် ၃၇၀ ကျပ်ဖြင့် ရောင်းချခဲ့သဖြင့် ယခုနှစ်တွင် ဖွဲနုဈေးမှလွဲ၍ ကျန်တိရစ္ဆာန်အစာဈေးများမြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြင့်တက်လာရခြင်းမှာ သယ်ယူစရိတ်များကြီးမြင့်ခြင်း၊ စက်ကြိတ်ခများကြီးမြင့်ခြင်း၊ မွေးမြူရေးလုပ်ငန်းသမားများ ကဝယ်ယူမှုများခြင်းတို့ကြောင့် ဖြစ်သည်ဟုသိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/my/node/26269

## ဆီထွက်သီးနှံမြေပဲဆန်နှင့် နှမ်းမျိုးစုံ အနည်းငယ်ဈေးမြင့်တက်လာ



ဆီထွက်သီးနှံမြေပဲနှင့် နှမ်းမျိုးစုံဈေးကွက် အနည်းငယ်ဈေးမြင့်တက်လာကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ပို့ကုန်အဝယ်ရှိလာသောကြောင့် ဈေးကျဆင်းနေရာမှအနည်းငယ်ဈေးမြင့်တက်လာသည်။

အောက်တိုဘာတစ်လလုံး ဈေးကွက်အတွင်းများလာသည့် မြေပဲဆန်ဈေးကွက် အနည်းငယ်ပြန်မြင့်တက်လာကြောင်း နှမ်းမျိုးစုံမှာပို့ကုန်တင်ပို့မှုအတွက် ဝယ်လိုအားကောင်းလာရာ တစ်အိတ်လျှင်ငွေကျပ် ၃၀,၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း၊ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာပုံမှန်သာအရောင်းအဝယ်ရှိပြီး ဈေးငြိမ်နေကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

" မြေပဲဆန်ဈေးတွေ အနည်းငယ်ပြန်လည်မြင့်တက်လာတာက ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးကို ရောက်လာတာပါ။ အောက်တိုဘာတစ်လလုံး စိုက်စရိတ် အရင်းဈေးလောက်မှာ ရောင်းခဲ့ရတာပါ။ အခု မြေပဲဆန်ထိပ်စက တစ်ပိဿာငွေကျပ် ၈၅၀၀ ပြန်ဖြစ်လာပါတယ်။ မြေပဲဆီဆန်က တစ်ပိဿာငွေကျပ် ၇၇၀၀ ဖြစ်လာပါတယ်။ မြေပဲဆန်ဈေး မြင့်တက်လာသလို ပဲဆီဈေးလည်း လိုက်ပါ မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလမှာ စားအုန်းဆီတင်သွင်းမှုများခဲ့လို့ ပြည်တွင်းပဲဆီသုံးစွဲမှု လျော့ကျခဲ့တော့ မြေပဲဈေးလည်းကျဆင်းခဲ့တာပါ။ ပြည်တွင်းမြေပဲဆန် ထွက်ရှိချိန်မှာ စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်ပါတယ်။ လက်ရှိမှာ ပြည်တွင်းနှမ်းမျိုးစုံကို ပို့ကုန်တင်ပို့မှုရှိလာတော့ နှမ်းဈေးကွက်ပြန်ကောင်းလာပါတယ်။ပြည်တွင်းသုံးကုလားပဲအုပ်စုကတော့ ပုံမှန်ဈေးကွက်သာရှိနေပါတယ်´´ ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၃၀ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ မတ်ပဲအသစ် တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ပုံမှန်အရောင်းအဝယ်ဖြင့် ဈေးငြိမ်နေရာ အောက်တိုဘာ ၃၀ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများ မှာ ဈေးအနည်းငယ် ဆက်လက်ကျဆင်းလာရာ ပဲကြီးတစ်အိတ် လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၅၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀-၈၅၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများအဝယ်ကောင်းသဖြင့် အောက်တိုဘာ ၃၀ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်အေးနေရာ နှမ်းနက် (စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၂၀,၀၀၀ ၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၇၀,၀၀၀ ၊ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ၊နှမ်းဖြူ (ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၇၅,၀၀၀ ၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ၊အသီးသီးပေါက်ဈေးရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးများ ပြည်တွင်းဈေးကွက်သို့ ရောင်းချ



ပေါ်ဦးပေါ်ဖျား Hass ထောပတ်သီးအမျိုးအစားများလက်ရှိတွင် ပြည်တွင်းဈေးကွက်သို့ စတင်ရောင်းချနေပြီဖြစ်ပြီး အခြားဒေသမျိုး လက်ကျန်ထောပတ်သီးများလည်းရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု အောက်တိုဘာလလယ်ခန့်မှစ၍ Hass ထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ လက်လီစနစ်သာမက အွန်လိုင်းစနစ်ဖြင့်လည်းရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုထွက်ရှိလာသော Hass ထောပတ်သီးများ၏ ၆၀ ရာခိုင်နှုန်းသည် အရွယ်အစားသေးငယ်၍ စံချိန်မမီသောအသီးများဖြစ်ပြီး ဈေးကွက်တွင် Baby Hass ဟုခေါ်ကြောင်း သိရသည်။

“ တခြားထောပတ်သီးမျိုးတွေဖြစ်တဲ့ ဗီယက်နမ်မျိုး 034 ထောပတ်သီးက စိုက်ဧက နည်းတဲ့အတွက် ဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့်မရောက်ဘူး။ Good 7 မျိုးနဲ့ဘာဂေးနီးယားမျိုးတွေကတော့ ဈေးကွက်မှာ အတော်များများရှိတယ်” ဟု ၎င်းက ပြောသည်။

Good 7 မျိုးနဲ့ ဘာဂေးနီးယားထောပတ်သီးမျိုးများမှာ အရွယ်ကြီးမားသဖြင့် မြန်မာ့ဈေးကွက်တွင် အကြိုက်တွေ့သူများကြောင်း သိရသည်။

“ ဒီနှစ်က နွေမှာပူပြင်းပြီး မိုးကာလမှာ မိုးများတဲ့အတွက် အသီးတွေ အရည်အသွေးကျဆင်းတယ်။ခုဆိုရင် ထောပတ်သီးကို အေးခဲအနှစ်တွေလုပ်ပြီးပြည်ပကိုတင်ပို့ဖို့လုပ်နေပြီ။ထောပတ်သီးစိုက်သူတွေအတွက်အခွင့်အလမ်းသစ်လို့ပြောရမယ်။မလေးရှားကို နမူနာပို့ခဲ့ရာမှာ တင်ပို့ဖို့ ၉၀ ရာခိုင်နှုန်းလောက်ဆောင်ရွက်ပြီးသွားပြီ။ ဈေးနှုန်းညှိနှိုင်းဖို့ပဲ ကျန်တော့တယ်” ဟု ၎င်းက ပြောသည်။

ထောပတ်သီးကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး တိုင်းဒေသကြီး ၆ ခုတွင် ၂၀၁၉ ခုနှစ်မတိုင်မီ စာရင်းများအရ ဧက ၂၀,၀၀၀ ဝန်းကျင်စိုက်ပျိုးကြပြီး တစ်ရာသီလျှင် ထောပတ်သီးမျိုးစုံတန်ချိန် ၈၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ယခုလတွင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကျင်းပမည်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီကအသိပေးထား သည်။

အဆိုပါ ပြပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကိုရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါကမြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်) ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင်ဆက်သွယ်စုံစမ်းနိုင်ကြောင်းအသိပေးကြေညာထားသည်။

**Source : Popular News Journal**

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်သွင်းမှုနှုန်း မြင့်တက်



ဗီယက်နမ်ပြည်တွင်း ဆန်ရိက္ခာဖူလုံမှု အကန့်အသတ်သို့ ရောက်ရှိနေသောကြောင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များက အိမ်နီးချင်းနိုင်ငံများမှ ထောက်ပံ့မှုများကို ရှာဖွေနေရကြောင်း ဗီယက်နမ်သတင်းက အောက်တိုဘာလ ၃၁ရက်တွင် ဖော်ပြ သည်။

လယ်သမားများအနေဖြင့် အရည်အသွေးမြင့်ဆန်မျိုးများကို ပြည်ပသို့တင်ပို့ရန်အတွက်သာ စိုက်ပျိုးသည့်ပုံစံသို့ ပြောင်းလဲလာခြင်းကြောင့် ဗီယက်နမ်မှပြည်ပဆန်တင်သွင်းမှုနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း စီးပွားရေး သတင်းထောက်များက ပြောကြားသည်။

ပြည်ပမှတင်သွင်းလာသော ဆန်သည် ပြည်တွင်းဈေးကွက်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေပြီး ပြည်တွင်းဆန်ထုတ်လုပ်မှုကို သက်ရောက်မှုများစွာ မဖြစ်စေဘဲ ပိုမိုတွက်ခြေကိုက်သည့် ရွေးချယ်မှုကို ဖြည့်ဆည်းပေးသည့်အပြင် ဗီယက်နမ်ဆန်ပို့ကုန်တန်ဖိုးကိုလည်း တည်ငြိမ်အောင် စွမ်းဆောင်ပေးနေကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

ဗီယက်နမ်သည် ယခုနှစ် ပထမကိုးလအတွင်း ဆန်တင်သွင်းမှုတွင်အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါး သုံးစွဲခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၇ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုး

တက်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ထုတ်ပြန်သည့် အချက်အလက် များတွင် ဖော်ပြသည်။

ဗီယက်နမ်သည် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်ပြီးလျှင် တတိယအဆင့် ဆန်တင်သွင်းသည့် နိုင်ငံဖြစ်လာကြောင်း အမေရိကန် စိုက်ပျိုးရေးဌာနက ပြောသည်။

**Source: ဆင်ဟွာ**

**မြန်မာ့အလင်းသတင်းစာ**

## တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထုတ်လုပ်မှု တန်ချိန် သန်း ၇၀၀ ကျော်လွန်ဖွယ်ရှိ



တရုတ်နိုင်ငံ၌ ကောက်ပဲသီးနှံထုတ်လုပ်မှု တည်ငြိမ်စေရေး အစဉ်တစိုက် ကြိုးပမ်းကြရန် တိုက်တွန်းထားပြီးဖြစ်ရာ ၂၀၂၄ ခုနှစ်တွင် ကောက်ပဲသီးနှံ စုစုပေါင်း တန်ချိန် သန်း ၇၀၀ ကျော်ရရှိမည်ဟု မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမျိုးသားစာရင်းအင်းဗျူရို၏ကိန်းဂဏန်းအချက်အလက်အရ အဆိုပါထုတ်လုပ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် ရိတ်သိမ်းထွက်ရှိခဲ့သော ကောက်ပဲသီးနှံပမာဏ တန်ချိန်သန်း ၆၉၅ ဒသမ ၄၁ ထက် ဝ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုမြင့်မားမည် ဖြစ် သည်။

လူဦးရေ ၁ ဒသမ ၄ ဘီလီယံအတွက် ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့ထံမှ တင်သွင်းသည့် ကုန်များအပေါ် များစွာမှီခိုလျက်ရှိသော ကမ္ဘာ့အကြီးဆုံး ကောက်ပဲသီးနှံထုတ်လုပ်သူ တရုတ်နိုင်ငံအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာသုံးစက်ကိရိယာနှင့် မျိုးစေ့နည်းပညာတို့တွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ခြင်းကို မကြာသေးမီနှစ်များ၌ ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံ၏ နှစ်စဉ်ကောက်ပဲသီးနှံထုတ်လုပ်မှုသည် ဂျင် )Jin) အလေးချိန်အားဖြင့် ၁ ဒသမ ၃ ထရီလီယံ  ၆၅၀ တန်ချိန်) နှစ်ဆက်တိုက် တည်ငြိမ်လျက်ရှိခဲ့ပြီး ယခုနှစ ၉ ကျော်ဖြင့် (သန်းတ်ွင် ပထမဆုံးအကြိမ်အဖြစ် ဂျင် ၁ ဒသမ ၄ ထရီလီယံ  င်းမှုအပေါ်ကို ကျော်လွန်မည်ဟု ခန့်မှန်းထားကြောင်း၊ သို့သော် ပဲပုပ်စေ့သိုလှောင်မှုအတွက် တင်သွ (သန်း ၇၀၀ တန်ချိန်)မှီခိုနေရဆဲဖြစ်ပြီး၊ ပြောင်းသီးနှံ စိုက်ပျိုးမှုမှာလည်း လိုအပ်သည့်ပမာဏအောက် ကျဆင်းလျက်ရှိခဲ့ကြောင်း၊ သိသာသည့် ပြောင်းလဲမှု မရှိခြင်းကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် လိုအပ်ချက်တို့ကို ညီညွတ်မျှတမှုရှိစေရေး လုပ်ဆောင်ရန် ခက်ခဲလျက်ရှိကြောင်း၊ ထို့ကြောင့် ကောက်ပဲသီးနှံထုတ်လုပ်မှု တည်ငြိမ်စေရေး အားထုတ်ကြိုးပမ်းမှုများကို လျှော့ချဆောင်ရွက်ခြင်းမပြုရန် လိုအပ်ကြောင်းဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Zhang Xingwang က ပေကျင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

အဆိုပါ ဝန်ကြီးဌာနအနေဖြင့် သီးနှံအထွက်ပမာဏကို မြှင့်တင်ရန်အတွက် ဆီအထွက်နှုန်းနှင့် သီးနှံအထွက်နှုန်းမြင့်မားသော ပဲပုပ်မျိုးကွဲများကို ရွေးချယ်စိုက်ပျိုးလျက်ရှိသည့်အပြင် ပဲပုပ်ပြုပြင်ထုတ်လုပ်မှုဆိုင်ရာ အထောက်အပံ့များပေးအပ်မှုနှင့် သိုလှောင်သိမ်းဆည်းခြင်းဆိုင်ရာ အစီအမံများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံပိုင်ဝယ်ယူရေးအေဂျင်စီဖြစ်သော Sinograin သည် ၎င်း၏ ပြောင်းဝယ်ယူမှုပမာဏကို မြှင့်တင်မည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းက လယ်သမားများ၏ ဝင်ငွေနှင့် စိုက်ပျိုးထုတ်လုပ်မှုတို့ကို မြှင့်တင်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**Source:HellenicShippingNews,27Oct,2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ရုရှားဓာတ်ငွေ့ ဥရောပတင်ပို့မှု ၁၅ ရာခိုင်နှုန်းကျော်တက်လာ

ဥရောပသို့ ရုရှား၏ပိုက်လိုင်းများမှတစ်ဆင့် ဓာတ်ငွေ့တင်ပို့မှုသည် ယခုနှစ် ပထမ ၁၀ လအတွင်း ကုဗမီတာ ၂၆ ဒသမ ၅၂ ဘီလီယံအထိရှိကာ အဆိုပါပမာဏသည် ၁၅ ရာခိုင်နှုန်းကျော် မြင့်တက်လာခြင်းဖြစ်ကြောင်း ရုရှား၏ တပ်စ်သတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ်တစ်နှစ်လုံးအတွက် ရုရှားဓာတ်ငွေ့တင်ပို့မှုကိန်းဂဏန်းပမာဏသည် ကုဗမီတာ ၂၈ ဒသမ ၁၅ ဘီလီယံခန့်ရှိသည်ဟုလည်း အစီရင်ခံစာအရ သိရသည်။

ယခုနှစ် ပထမ ၁၀ လအတွင်း ရုရှား၏ပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့တင်ပို့မှုကို ယူကရိန်းမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဥရောပအလယ်ပိုင်းနှင့်အနောက်ပိုင်းသို့ ဓာတ်ငွေ့တင်ပို့မှုသည် စုစုပေါင်း ကုဗမီတာ ၁၂ ဒသမ ၈၅ ဘီလျံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၇ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟုလည်း သိရသည်။

ယူကရိန်းသမ္မတဇလန်းစကီးကမူ ယခုနှစ်ကုန်တွင် သက်တမ်းကုန်ဆုံးမည့် ရုရှားဓာတ်ငွေ့ကုမ္ပဏီ Gazprom နှင့် ယူကရိန်းကို ဖြတ်မည့် သယ်ယူရေးသဘောတူညီချက်ကို သက်တမ်းတိုးမည်မဟုတ်ကြောင်း ယူကရိန်းက ကြေညာခဲ့သည်။

ရုရှားနှင့်ယူကရိန်းကြားတင်းမာမှုများကြောင့် ကူးသန်းရောင်းဝယ်ရေးသဘောတူညီချက်ကို သက်တမ်းတိုးရန်မဖြစ်နိုင်သော်လည်း အီးယူနိုင်ငံများသည် လေလံပွဲများ၊နေရာဒေသတစ်ခုလုံးကို ကြိုတင်စာရင်းသွင်းမှုများနှင့် ရုရှားဓာတ်ငွေ့ကို ရနိုင်သေးကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

**Source : ရှင်းဟွာ**

**Popular news Journal**

## ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း ပီလောပီနံအစို တန်ချိန် ၂ သန်းကျော် ကမ္ဘောဒီးယားတင်ပို့



ကမ္ဘောဒီးယားနိုင်ငံ၌ ပီလောပီနံအစိုဈေးကွက်သည် ပို့ကုန်တင်ပို့မှုတွင် သိသာထင်ရှားသော တိုးတက်မှုဖြစ်သည့် ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း ၁၆၀ ရာခိုင်နှုန်းကျော်မြင့်တက်မှုဖြင့် ခိုင်မာအားကောင်းလာကြောင်း Khmer Times သတင်းဌာနက ဖော်ပြသည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် )ARDB) က အောက်တိုဘာ ၂၃ ရက်နေ့၌ ထုတ်ပြန်ခဲ့သော စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေစိုက်ပျိုးရေးဦးစီးဌာန၏ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် ပထမ သုံးလပတ် ၃ ခုအတွင်း ကမ္ဘောဒီးယားသည် လတ်ဆတ်သော ပီလောပီနံအစို တန်ချိန် ၂ သန်းကျော်အား တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၁၆၂ ဒသမ ၅၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ တိုးတက်မှုသည် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များအထိပါ ရောက်ရှိနိုင်သည့် ပီလောပီနံအစို၏ ဈေးကွက်ဝယ်လိုအားခိုင်မာမှုကို ဖော်ပြနေသည်။

သို့သော် ပီလောပီနံ အခြောက် တင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၈၆၀,၀၀၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၅၄ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ လက်ရှိကာလတွင် ကမ္ဘောဒီးယား၌ ပီလောပီနံစိုက်ပျိုးမှုဧရိယာမှာ ဟက်တာ ၇၀၀,၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယား၏ ပီလောပီနံဈေးကွက်သည် ဒေသတွင်းစားသုံးမှုထက် ပို့ကုန်အဓိကဦးစားပေးဖြစ်သည့်အတွက် ထုတ်လုပ်မှုအဆင့်မြင့်မားမှုနှင့် ပြည်တွင်းဝယ်လိုအားနည်းပါးမှု အချက်နှစ်ချက်ကြောင့် တင်ပို့မှုတိုးတက်ခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁၀ သန်း ကျော်ရှိကြောင်း၊ ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌စားသုံးမှုရှိပြီး ကျန်ရှိသောပမာဏအား ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ အဓိက တင်ပို့နေကြောင်း၊ ပီလောပီနံ အစိုသည် ၁ ကီလိုဂရမ်လျှင် ကမ္ဘောဒီးယား ရီယယ်ငွေ ၂၂၀ နှင့် ၄၀၀ အကြား သင့်တင့်သောဈေးနှုန်းရှိနေချိန်တွင် ပီလောပီနံ အခြောက်၏ ဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ရီယယ်ငွေ ၆၆၀ မှ ၇၅၀ အကြား တန်ဖိုးဖြင့် ဈေးနှုန်းမြင့်မားပြီး တည်ငြိမ်မှုရှိကြောင်း၊ အနာဂတ်တွင် ပီလောပီနံကို ကုန်ကြမ်းအတိုင်းပိုမိုတင်ပို့သည်ထက်အမှုန့်သို့မဟုတ် အခြားသော ပီလောပီနံထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးအတွက် ပြုပြင်ကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံများပိုမိုတည်ထောင်လုပ်ကိုင်သည်ကို မြင်တွေ့လိုကြောင်းဖြင့် ပီလောပီနံစိုက်ပျိုးသည့်တောင်သူများအသင်းဥက္ကဋ္ဌဖြစ်သူ El Chhinh က Khmer Times သို့ ပြောကြားသည်။

ကမ္ဘောဒီးယား ပြည်တွင်း၌ ပီလောပီနံထုတ်လုပ်သည့် စက်ရုံ ၁၂ ခုခန့်ရှိသော်လည်း စက်ရုံ ၄ ခုမှ ၅ ခုခန့်သာ လက်ရှိတွင် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း El Chhinh က ပြောကြားသည်။

ကမ္ဘောဒီးယားအစိုးရသည် အမျိုးသားပီလောပီနံမူဝါဒ ပြည့်နှစ် ၂၀၂၀ ကို (၂၀၂၅-၂၀၂၀)ဩဂုတ်လ၌ အတည်ပြုပြီး နောက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

၎င်းမူဝါဒသည် ကမ္ဘာ့ဈေးကွက်သို့ ပီလောပီနံထွက်ကုန်များတင်ပို့မှုမြှင့်တင်ရာ၌ ကမ္ဘောဒီးယားနိုင်ငံအားကုန်ထုတ်လုပ်မှု၊ ပြုပြင်ကြိတ်ခွဲမှုနှင့် ထောက်ပံ့ပေးသွင်းမှုတို့တွင် အားထားယုံကြည်ရသည့် နိုင်ငံတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

**Source:KhmerTimes,25 October**,2024

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

TIR

## STOCK EXCHANGE (4.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,530 (Shares) | 25,057,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 150 | 1,260,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,250 | 3,350 | 3,250 | 6,127 | 20,214,400 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 23 | 193,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,900 | 1,900 | 1,900 | 200 | 380,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 202 | 343,400 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,300 | 3,300 | 3,200 | 828 | 2,666,400 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.21 | -0.25 | -0.06% | 394.28 | 396.24 | 394.28 | 7,530 | 25,057,400 | 8 | 745,430 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 4th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,530 (Shares) | 25,057,400 (MMK) |

| MYANPIX | 395.21 ▼ 0.25 |
|---|---|
| Total Volume (shares) | 7,530 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 745,430 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |